ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

မြန်မာသံရုံး ၊ စင်ကာပူမြို့

# မြန်မာနိုင်ငံ ပြည်ဝင်ခွင့် ဗီဇာလျှောက်ထားရန် လမ်းညွှန်

သံရုံးတွင်လာရောက်ဆောင်ရွက်စဉ်လွယ်ကူရန် အတွက်
ဖြစ်ပါသည်။

www.mesingapore.org.sg တွင်လည်းဖော်ပြထားပါသည်။

- ဗီဇာလျှောက်လွှာလက်ခံချိန် နံနက် (၉း၀၀) နာရီမှ နေ့လည်(၁း၀၀) နာရီ အထိ။
- ဗီဇာပြန်လည် ထုတ်ပေးချိန် နေ့လည် (၃း၀၀)နာရီမှ ညနေ (၅း၀၀) နာရီအထိ။
- အလုပ်လုပ်ရသည့် ကြာမြင့်ချိန် အလုပ်လုပ်ရက် (၂)ရက်။
- မြန်မာနိုင်ငံပြည်ဝင်ဗီဇာ မရရှိသေးသည့်ကာလ၌ အချိန် နေ့ရက်တိကျစွာ သက်မှတ်ထားပြီးသောလေယာဉ်ပျံလက်မှတ် ဖြစ်စေ ပြောင်းလဲ၍ မရနိုင်သော ခရီးသွား အစီအစဉ်များဖြစ်စေ ကြိုတင်၍ မပြုလုပ်ထားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# ဗီဇာခတန်ဖိုး

| | စင်ကာပူဒေါ်လာ |
|---|---|
| • ခရီးသွားဗီဇာ | - ၃၅.၀၀ |
| • လူမှုရေးအလည်အပတ်ဗီဇာ | - ၆၅.၀၀ |
| • လုပ်ငန်းဗီဇာ | - ၆၅.၀၀ |
| • အကြိမ်ကြိမ်ပြည်ပြန်ဝင်ခွင့်ဗီဇာ | - ၃၀၀.၀၀ |
| • တရားအားထုတ်ခွင့်ဗီဇာ | - ၆၅.၀၀ |

# အခြေခံလိုအပ်ချက်များ

- သံရုံးမှထုတ်ပေးသော လျှောက်လွှာ စာရွက်ပေါ်တွင် ပြည့်စုံစွာရေးသား ဖြည့်စွက်၍ လက်မှတ်ရေးထိုးရန်။
- ၆လအတွင်း နောက်ခံအဖြူဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ (၂)ပုံ ပူးတွဲ၍ ပေးရန်။
- လျှောက်ထားသူ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် နိုင်ငံသားကဒ်မိတ္တူ ( IC/ PR/ EP/ Student Pass ) တင်ပြရန်။
- အလုပ်အကိုင် အားဖော်ပြထားသော Name Card / Visiting Card / Business Card တင်ပြရန်။
- လျှောက်ထားသည့် နိုင်ငံကူးလက်မှတ်သည် အနည်းဆုံး (၆) လသက်တမ်းကျန်ရှိရပါမည်။

## ခရီးသွားဗီဇာ

- လျှောက်ထားသည့်နေ့မှစ၍ ၃လအတွင်း မြန်မာနိုင်ငံသို့သွား ရောက်နိုင်ပါသည်။
- မြန်မာနိုင်ငံတွင် ရောက်ရှိသည့်နေ့မှစ၍ (၂၈)ရက်တိတိ နေထိုင်ခွင့် ရှိပါသည်။
- သံရုံးမှထုတ်ပေးသော လျှောက်လွှာ စာရွက်ပေါ်တွင် ပြည့်စုံစွာရေးသား ဖြည့်စွက်၍ လက်မှတ်ရေးထိုးရပါမည်။
- ၆လအတွင်း နောက်ခံအဖြူဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ (၂)ပုံ ပူးတွဲ၍ ပေးရပါမည်။
- လျှောက်ထားသူ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် နိုင်ငံသားကဒ်မိတ္တူ ( IC/ PR/ EP/ Student Pass ) တင်ပြရပါမည်။
- အလုပ်အကိုင် အားဖော်ပြထားသော Name Card / Visiting Card / Business Card တင်ပြရပါမည်။

# လူမှုရေးအလည်အပတ်ဗီဇာ

- ယခင်က မြန်မာနိုင်ငံသား၊ ယခု Singaporean နိုင်ငံသားခံယူထားသူများ၊ မြန်မာနိုင်ငံသား/သူ များနှင့် လက်ထပ်ထားသူများ၊ မြန်မာနိုင်ငံသား မိဘမှ မွေးဖွားလာသူများသာ လျှောက်ထားနိုင်ပါသည်။
- လျှောက်ထားသည့်နေ့မှစ၍ ၃လအတွင်း မြန်မာနိုင်ငံ သို့ သွားရောက်နိုင်ပါသည်။
- မြန်မာနိုင်ငံတွင် ရောက်ရှိသည့်နေ့မှစ၍ (၂၈)ရက် တိတိ နေထိုင်ခွင့် ရှိပါသည်။
- Social Visit Visa ‌ဖြင့် လျှောက်ထားသူများသည် ဗီဇာလျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံအား ပြည့် စုံစွာ ဖြည့်စွက်ရပါမည်။ မြန်မာနိုင်ငံသားနှင့် လက်ထပ်ထား သည့် နိုင်ငံခြားသားဖြစ်ပါက လက်ထပ်စာချုပ်မိတ္တူ တင်ပြရပါမည်။
- လျှောက်ထားသူ၏ နိုင်ငံကူး လက်မှတ် မိတ္တူ နှင့် နိုင်ငံသားကဒ်မိတ္တူ ( IC/ PR/ EP/ Student Pass ) တင်ပြရပါမည်။ ၆လအတွင်း နောက်ခံ အဖြူဖြင့် ရိုက်ကူးထားသော ဓာတ်ပုံ (၃)ပုံ ပူးတွဲ၍ ပေးရပါမည်။
- Social Visit Visa လျှောက်ထားသူများမှ နေ့ချင်းပြီး ဗီဇာထုတ်ယူလိုပါက မိဘ/ဆွေမျိုးမှ သေဆုံးကြောင်း စာ (သို့) ဆေးရုံတက်နေရသော အထောက်အထား စာရွက်စာတမ်းနှင့် အတူ လေယာဉ်ပျံလက်မှတ် ပူးတွဲ ၍ နေ့လည် (၁း၃၀) နာရီ မတိုင်ခင် တင်ပြ လျှောက်ထားရပါမည်။

# လုပ်ငန်းဗီဇာ

- Single Entry Visa လျှောက်ထားသည့်နေ့မှစ၍ ၃လ အတွင်း မြန်မာနိုင်ငံသို့ သွားရောက်နိုင်ပါသည်။ မြန်မာနိုင်ငံတွင် ရောက်ရှိသည့်နေ့မှစ၍ (၇၀)ရက်တိတိ နေထိုင်ခွင့်ရှိပါသည်။
- ဗီဇာ လျှောက်လွှာနှင့် အတူ မြန်မာနိုင်ငံဘက်မှ invitation letter နှင့်စင်ကာပူနိုင်ငံဘက်မှ ကုမ္ပဏီစာ၂မျိုး ပူးတွဲ တင်ပြရပါမည်။
- Multiple Journey Entry Visa (MJEV) လျှောက်ထားလိုသူများသည် ၁နှစ်အတွင်း Business Visa အနည်းဆုံး (၃)ကြိမ် လျှောက်ထားခဲ့ပြီးပါက ပထမဦးစွာ (၆)လ သက်တမ်း ရှိ Multiple Journey Entry Visa လျှောက်ထားနိုင်ပါသည်။ (MJEV)ကို အနည်းဆုံး (၆)လသက်တမ်းရှိသည့် (MJEV)နှင့် အများဆုံး (၁)နှစ်သက်တမ်းရှိသည့်(MJEV) ဟူ၍ ထုတ်ပေးပါသည်။
- မြန်မာနိုင်ငံတွင် နေထိုင်နိုင်သည့်ကာလမှာ ရောက်ရှိသည့်နေ့မှစ၍ ရက်(၇၀)တိတိ ဖြစ်ပါသည်။
- ဗီဇာလျှောက်ထားရာတွင် လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် ဖြည့်စွက်ပြီးလျှောက်လွှာ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီ၏ ဖိတ်ကြားစာ မူရင်း နှင့် စင်ကာပူနိုင်ငံဘက်မှ ကုမ္ပဏီထောက်ခံစာဖြင့် လျှောက်ထားရပါမည်။
- လျှောက်ထားသူ၏ (Name Card or Business Card )၊ နိုင်ငံကူးလက်မှတ်၏ ဓာတ်ပုံပါရှိသည့်စာမျက်နှာမိတ္တူ၊ (IC/ PR/ EP/ Student Pass ( နှစ်ဖက်မျက်နှာ) နှင့် နောက်ခံအဖြူဖြင့်၆လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ(၂)ပုံစသည်ဖြင့် ပူးတွဲတင်ပြရပါမည်။